# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 12 , 2022 Volume 58, Number 8

**၁၂.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၅၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၃၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၅၂.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၃.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၄၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၃၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



Source: မြန်မာ့အလင်း

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီတွင် ဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံ စိုက်ဧက ၁၄၈၆၈ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ရန် လျာထားဆောင်ရွက်စိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်အထိ ဆီထွက်သီးနှံ ၁၀၇၂၅ ဧက စိုက်ပျိုးဆောင်ရွက်ပြီးစီးခဲ့ပြီး စက်တင်ဘာလအတွင်း မိုးရွာသွန်းခြင်းအပေါ်မူတည်၍ တောင်သူများက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်းသိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကလည်း သီးနှံမျိုးစုံ စံပြစိုက်ကွက်များဖော်ဆောင်၍ တောင်သူများအား မျိုးကောင်းမျိုးသန့်ရရှိရေး သွင်းအားစုမြေဩဇာများကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးနည်းပညာများကို စိုက်ကွင်းတာဝန်ခံများထားရှိ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများ စားသုံးဆီဖူလုံမှုရရှိစေရန် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုအတွက်လည်း ဆီထွက်သီးနှံနေကြာမျိုးများနှင့် မြေဩဇာများကို အခမဲ့ထောက်ပံ့ပေးနေကြောင်း၊ ဆိပ်ဖြူမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီက ဆီထွက်သီးနှံစိုက်ဧက ၁၄၈၆၈ ဧက လျာထားဆောင်ရွက်ခဲ့ရာ မိုးမြေပဲ ၉၃၆၉ ဧက၊ မိုးနှမ်း ၄၆၄ ဧက၊ မိုးနေကြာ ၈၉၂ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၁၀၇၂၅ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီး လျာထားချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးပြီးဆီထွက်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**Source:** မြန်မာ့အလင်း

## ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းများမြင့်တက်နေ

ကြက်သွန်နီဈေးနှုန်းများ အဆမတန်မြင့်တက်နေပြီး လက်လီဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၄၀၀၀ ဝန်းကျင်အထိ မြင့်တက်နေကြောင်း စားဖိုဆောင်ဈေးကွက်တွင်းမှ သိရသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com



Source: မြန်မာ့အလင်း

“ကြက်သွန်နီက ဇူလိုင်လကုန်ပြီးကတည်းက တက်မယ်လို့ပြောနေတာ။ ပြီးခဲ့တဲ့ အပတ်ကတောင် ကြက်သွန်နီတစ်ပိဿာကို ငွေကျပ် ၂၈၀၀ နဲ့ ဝယ်ခဲ့သေးတယ်။ အခု ရက်ပိုင်းမှာပဲ ဈေးက ပိုထိုးတက်သွားတယ်။ တစ်ပိဿာငွေကျပ် ၃၅၀၀ ကျော်အထိ ဖြစ်သွားပြီ။ ဒါတောင် အလုံးမကြီးဘူး။ အရည်အသွေးသိပ်ကောင်းတာမျိုး မဟုတ်ပါဘူး” ဟု ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အိမ်ရှင်မတစ်ဦးဖြစ်သူ ဒေါ်ခိုင်ခိုင်လင်းက စက်တင်ဘာ ၉ ရက်ကပြောသည်။

ကြက်သွန်နီဈေးနှုန်းများမှာ ယခင်နှစ်ကြက်သွန်နီရာသီချိန်များကထက် အဆများစွာ မြင့်တက်နေခြင်းဖြစ်ပြီး ဈေးနှုန်းကျဆင်းမည့်အနေအထားလည်း မတွေ့ရကြောင်း ကြက်သွန်နီလက်ကားဒိုင်များထံမှ သိရသည်။

“အခုလို ဈေးတွေတက်လာတော့ တောင်သူတွေအတွက်တော့ အရင်နှစ်နှစ်အတွင်းရှုံးခဲ့သမျှကို ကာမိသွားတာမျိုးတော့ရှိနိုင်ပါတယ်။ ဈေးကျမယ့်အနေအထားတော့ မမြင်ပါဘူး။ စက်တင်ဘာလထဲမှာ ပိုတောင် ဈေးတက်ဖို့ရှိတယ်လို့ ကြားနေရပါတယ်” ဟု ကြက်သွန်နီစီးပွားဖြစ်စိုက်ပျိုးသူ ဦးနေမျိုးကပြောသည်။

၂၀၁၉ ခုနှစ် ကြက်သွန်နီရာသီချိန်လည်း ယခုကဲ့သို့ ဈေးနှုန်းများမြင့်တက်ခဲ့ပြီး အမြင့်ဆုံးဈေး တစ်ပိဿာလျှင်ကျပ် ၃၇၀၀ အထိ မြင့်တက်ခဲ့ဖူးကြောင်း သိရသည်။

**Source:** မြန်မာ့အလင်း

## မြန်မာနိုင်ငံနှင့်ဂျာမနီနိုင်ငံ ကုန်သွယ်မှုအခြေအနေ

မြန်မာနိုင်ငံနှင့်ဂျာမနီနိုင်ငံ ကုန်သွယ်မှုအခြေအနေကို ဂျာမန်ဖက်ဒရယ်စာရင်းအင်းရုံး (Federal Statistical Office) ၏ အချက်အလက်များအရ ဂျာမနီနိုင်ငံ၏ ဘဏ္ဍာရေးနှစ်အလိုက် (ဇန်နဝါရီလမှဒီဇင်ဘာလထိ) ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

ဂျာမနီ-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

(တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း)

| ဘဏ္ဍာနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ကုန်သွယ်မှုပို/လိုငွေ |
|---|---|---|---|---|
| ၂၀၁၆ ခုနှစ် | **၁၅၇.၆၇၈** | **၃၅၄.၀၃၂** | **၅၁၁.၇၁၀** | **-၁၉၆.၃၅၄** |
| ၂၀၁၇ ခုနှစ် | **၁၃၃.၄၅** | **၆၂၉.၉၀၆** | **၇၆၃.၃၅၆** | **-၄၉၆.၄၅၆** |
| ၂၀၁၈ ခုနှစ် | **၁၄၄.၄၅၃** | **၁၀၁၂.၁၅** | **၁၁၅၆.၆၀၃** | **-၈၆၇.၆၉၇** |
| ၂၀၁၉ ခုနှစ် | **၁၆၉.၄၁၃** | **၁၁၆၈.၄၇၄** | **၁၃၃၇.၈၈၇** | **-၉၉၉.၀၆၁** |
| ၂၀၂၀ခုနှစ် | **၁၆၀.၅၅၂** | **၁၂၇၂.၉၀၂** | **၁၄၃၃.၄၅၄** | **-၁၁၁၂.၃၅၀** |
| ၂၀၂၁ခုနှစ် | ၉၉.၄၄၂ | ၁၁၁၆.၀၀ | **၁၂၁၅.၄၄၂** | **-၁၀၁၆.၅၅၈** |

**Source- https://www-genesis.destatis.de/genesis/online/logon**

၂၀၂၁ ခုနှစ်တွင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ သွင်းကုန် အမေရိကန်ဒေါ်လာ (၁.၁၁၆) ဘီလီယံနှင့် မြန်မာနိုင်ငံသို့ ပို့ကုန် အမေရိကန်ဒေါ်လာ (၉၉.၄၄၂) သန်းရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ ဂျာမနီနိုင်ငံအနေဖြင့် အများဆုံးတင်သွင်းကုန်များမှာ အဝတ်အထည် (CMP)၊ ဖိနပ်၊ လည်သာပစ္စည်းများ၊ ပလပ်စတစ်၊ ကောက်ပဲသီးနှံ၊ ရော်ဘာ၊ ပရိဘောဂ၊ စက်ပစ္စည်းနှင့် အီလက်ထရောနစ်ပစ္စည်းများ စသည်တို့ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ပို့ကုန်များအနေဖြင့် နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဆေးဝါး၊ စက်ပစ္စည်းနှင့် အီလက်ထရောနစ်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ မော်တော်ကား၊ ဓါတ်မြေဩဇာ၊ မျက်မှန်နှင့်ဓါတ်ပုံဆိုင်ရာ

အသုံးအဆောင်များ စသည်တို့ဖြစ်ပါသည်။ သို့ဖြစ်၍ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၁.၂၁၅) ဘီလီယံရှိခဲ့ကာ မြန်မာနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့် ကုန်သွယ်မှုတွင် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၁.၀၁၆) ဘီလီယံရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီလမှဇွန်လထိ နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေကို ဖက်ဒရယ်စာရင်းအင်းရုံး၏ အချက်အလက်များအရ လေ့လာကြည့်လျှင် ဂျာမနီနိုင်ငံက မြန်မာနိုင်ငံမှ ပျမ်းမျှတစ်လလျှင် သွင်းကုန် အမေရိကန်ဒေါ်လာ သန်း (၁၀၀) ဝန်းကျင်နှင့် ပို့ကုန် (၈) သန်းမှ (၁၀) သန်းဝန်းကျင်အကြားရှိနေကြောင်း၊ မတ်လတွင်မူ သွင်းကုန် အမေရိကန်ဒေါ်လာ (၁၃၅) သန်းနှင့် ပို့ကုန် (၂၁) သန်းတို့ရှိခဲ့ပြီး အဝတ်အထည်၊ ဖိနပ် (CMP) များ တင်သွင်းမှုစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၂၇) သန်းရှိပြီး ယခင်လများထက် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည် -

ဂျာမနီ-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ (၂၀၂၂ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ)
တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| လအမည် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ကုန်သွယ်မှုပို/ လိုငွေ |
|---|---|---|---|---|
| ဇန်နဝါရီ | ၈.၄၃၁ | ၈၁.၉၃၈ | ၉၀.၃၆၉ | -၇၃.၅၀၇ |
| ဖေဖော်ဝါရီ | ၇.၃၈၇ | ၁၁၄.၈၄၃ | ၁၂၂.၂၃၀ | -၁၀၇.၄၅၆ |
| မတ် | ၂၁.၃၂၁ | ၁၃၄.၈၃၆ | ၁၅၆.၁၅၇ | -၁၁၃.၅၁၅ |
| ဧပြီ | ၈.၀၄၉ | ၁၁၄.၁၂၄ | ၁၂၂.၁၇၃ | -၁၀၆.၀၇၅ |
| မေ | ၈.၅၁၁ | ၁၀၄.၈၄၈ | ၁၁၃.၃၅၉ | -၉၆.၃၃၇ |
| ဇွန် | ၉.၉၃၅ | ၁၀၃.၃၃ | ၁၁၃.၂၆၅ | -၉၃.၃၉၅ |

**Source-** https://www-genesis.destatis.de/genesis/online/logon

မြန်မာနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့်ကုန်သွယ်မှုတွင် လအလိုက်၊ နှစ်အလိုက် ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပြီး အထည်ချုပ်လုပ်ငန်းများ (CMP) အပြင် အခြားစိုက်ပျိုးရေးနှင့်စားသောက်ထုတ်ကုန်များလည်း တိုးမြှင့်တင်ပို့ခြင်းဖြင့် ပို့ကုန်ဝင်ငွေတိုးတက်ရရှိနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

**Source:** မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့

**Category:** International News (myantrade.gov.mm)

## ရုရှားလေကြောင်း Aeroflot မှ လေယာဉ် ၃၃၉ စီး ဝယ်ယူရန် လက်မှတ်ရေးထိုး

ရုရှားအလံတင်လေကြောင်းလိုင်း Aeroflot ၏ မိခင်ကုမ္ပဏီဖြစ်သည့် Aeroflot Group သည် ပြည်တွင်း၌ တည်ဆောက်မည့် လေယာဉ် ၃၃၉ စင်း ဝယ်ယူရန်အတွက် ပြည်တွင်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ United Aircraft Corporation (UAC) နှင့် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော အဆိုပါ သဘောတူညီချက် တွင် မင်းလမ်းတစ်ခုတည်းပါသည့် ခရီးသည်တင်လေယာဉ် Irkut MC-21 ၂၁၀ စီး၊ အလယ်အလတ်တန်းစား ကိုယ်ထည်ကျဉ်းလေယာဉ် Sukhoi Superjet New ၈၉ စီးနှင့် Tupolev Tu-214 ၄၀ စီးတို့ ပါဝင်သည်။ "ယနေ့ ကျွန်တော်တို့ Aeroflot ရဲ့ မကြာသေးသည့်သမိုင်းမှာ ပြည်တွင်းလေယာဉ်များဝယ်ယူရန် အကြီးမားဆုံးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်" ဟု Aeroflot အထွေထွေညွှန်ကြားရေးမှူး Sergey Alexandrovsky ကပြောသည်။

ပို့ဆောင်ရေးသည် ၂၀၂၃ ခုနှစ်တွင် လေယာဉ်များ စတင်ရရှိရန်မျှော်လင့်ရပြီး ၂၀၃၀ ခုနှစ်တွင် နောက်ဆုံး လေယာဉ်အုပ်စုကိုရရှိမည်ဟု Aeroflot ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

UAC ၏ မိခင်ကုမ္ပဏီ Rostec မှ အထွေထွေဒါရိုက်တာ Sergey Chemezov က Boeing နှင့် Airbus လေယာဉ်များကို ရုရှားလေကြောင်းလိုင်းများသို့ မည်သည့်အခါမှ ပေးပို့တော့မည်မဟုတ်ဟု ပြောကြားသည်။ သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်ကို ပြည်တွင်းထုတ် လေယာဉ်များဖြင့်သာ အစားထိုးမည်ဖြစ်သည်။

MC-21 သည် မကြာမီတွင် Aeroflot လေယာဉ်စု၏ "ဂုဏ်ဆောင်လေယာဉ်" ဖြစ်လာမည်ဟု ယုံကြည်ကြောင်း Chemezov က ပြောကြားသည်။ "လေယာဉ်အားလုံးကို သွင်းကုန်အစားထိုးအဖြစ်ဖြင့် ပေးအပ်ရမှာဖြစ်လို့ လေယာဉ်ပေါ်ပါ စနစ်များ၊ စက်ပစ္စည်းများဟာ ရုရှားပြည်တွင်းဖြစ် ဖြစ်ရပါမယ်" ဟု Chemezov က ပြောကြား သည်။ လေယာဉ်အသစ်များ ပေးအပ်မည့် အစီအစဉ် အချိန်ဇယားအရ Sukhoi Superjet New ၂ စီးကို ၂၀၂၃ တွင် စတင်ရရှိမည်ဖြစ်သည်။ MS-21 ပထမအသုတ် ၆ စီးနှင့် Tu-214 ပထမအသုတ် ၇ စီးတို့ကို ၂၀၂၄ တွင် ရရှိမည်ဖြစ်ပါသည်။

**Source : aerotime.aero**

**#Myanmar Logistics Guide**

## အီးယူနှင့်ထိုင်းနိုင်ငံအကြား သဘောတူညီချက်များရေးထိုးရန် စီစဉ်ဆောင်ရွက်

အီးယူနှင့်ထိုင်းနိုင်ငံအကြား မိတ်ဘက်ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (Partnership and Cooperation Agreement-PCA) နှင့် အီးယူ-ထိုင်း လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် (EU- Thailand Free Trade Agreement-ETFTA) တို့ကို ၂၀၁၃ ခုနှစ်အတွင်း စတင်ခဲ့ပြီးနောက် ရပ်နားမှုများရှိခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း ပြန်လည်အစပျိုး ဆွေးနွေးမှုများ ရှိလာခဲ့သည်။ PCA အတွက် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လနှင့် ယခုနှစ် ဖွန်လတို့တွင် အပြီးသတ်ဆွေးနွေးမှုများ ရှိထားပြီး အီးယူနိုင်ငံခြားရေးနှင့် ကာကွယ်ရေးမူဝါဒဆိုင်ရာ တာဝန်ရှိသည့် European External Action Service (EEAS) ဌာနက PCA သည် နိုင်ငံရေးဆိုင်ရာတွေ့ဆုံဆွေးနွေးမှုများနှင့် နှစ်ဦးနှစ်ဘက်အကျိုးရှိမည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် roadmap တစ်ခုအနေဖြင့် တိုးမြှင့်လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။ PCA အတွက် ဖွဲ့စည်းဆောင်ရွက်မှုပိုင်း လက်မှတ်ရေးထိုးရန်ရှိသည်များ ဆက်လက်ဆောင်ရွက်သွားရန်ရှိကြောင်း ထိုင်းနိုင်ငံဆိုင်ရာ အီးယူသံအမတ်ကြီးကလည်း ပြောကြားခဲ့ပါသည်။

PCA သဘောတူညီချက်သည် နှစ်ဘက်စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် တွန်းအားပေးမှုတစ်ခု ဖြစ်စေပြီး အရှေ့တောင်အာရှဒေသတွင် အီးယူ၏အခန်းကဏ္ဍမြှင့်တင်ရန်အတွက် အရေးပါမှုတစ်ရပ်လည်းဖြစ်ကြောင်း ထိုင်းနိုင်ငံရှိ European Association for Business and Commerce ၏ Executive Director ဖြစ်သူ Guillaume Rebiere က ပြောကြားခဲ့သည်။ Natixis investment management firm မှ senior economist ဖြစ်သူ Trinh Nguyen ကလည်း ထိုင်းနိုင်ငံအနေဖြင့် လက်ရှိတွင် ကုန်သွယ်မှု၌ အမေရိကန်နှင့်တရုတ်နိုင်ငံတို့မှာ အကြီးမားဆုံး မိတ်ဘက်နိုင်ငံ (၂) ခုဖြစ်ပြီး အီးယူဒေသတွင် ဈေးကွက်သစ်ချဲ့ထွင်ရန်နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် မဟာဗျူဟာတစ်ရပ်အဖြစ် ဆောင်ရွက်နေပြီး အီးယူအနေဖြင့်လည်း တရုတ်နိုင်ငံအား ယှဉ်ပြိုင်ဘက်တစ်ဦးအဖြစ် ရှုမြင်လာသည့် အနေအထားတွင်ရှိနေ ကြောင်း၊ သဘောတူညီချက်များ ရေးထိုးဆောင်ရွက်မှုသည် ထိုင်းနိုင်ငံတစ်ခုတည်းနှင့်မဟုတ်ဘဲ အခြားအရှေ့တောင်အာရှ ဒေသနိုင်ငံများနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားရန်ရည်ရွယ်ကြောင်း လေ့လာသုံးသပ်ပြောကြားပါသည်။ အီးယူနှင့် ထိုင်းနိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၀ ခုနှစ်တွင် (၂၉.၃) ဘီလီယံမှ ၂၀၂၂ ခုနှစ်တွင် ယူရို (၃၅.၄) ဘီလီယံရှိခဲ့ပြီး အီးယူသည် ထိုင်းနိုင်ငံအတွက် ဂျပန်နိုင်ငံပြီးလျှင် ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံ သူလည်းဖြစ်ပါသည်။

အီးယူနှင့်ထိုင်းနိုင်ငံအကြား PCA သဘောတူညီချက် အပြီးသတ်ဆောင်ရွက်ပြီးပါက FTA ဆွေးနွေးမှု များသို့ရောက်ရှိရန် နီးစပ်နေပြီး ထိုင်းနိုင်ငံသည် အီးယူအတွက် အရှေ့တောင်အာရှဒေသနိုင်ငံများအနက် စင်္ကာပူနှင့်ဗီယက်နမ်နိုင်ငံပြီးလျှင် တတိယမြောက် FTA ရေးထိုးဆောင်ရွက်မည့်နိုင်ငံဖြစ်လာမည့် အလားအလာတွင်ရှိနေပါသည်။ စင်္ကာပူနှင့်ဗီယက်နမ်နိုင်ငံတို့ သည် အီးယူနှင့် Investment Protection Agreement (IPA) ကို အတည်ပြုနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ အီးယူသည် အခြားအာဆီယံနိုင်ငံများဖြစ်သည့် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နိုင်ငံများနှင့်လည်း ကုန်သွယ်မှုနှင့်ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ထားပြီး အချို့မှာဆက်လက်ညှိနှိုင်းနေဆဲဖြစ်ပါသည်။

မြန်မာနိုင်ငံနှင့် Investment Protection Agreement (IPA) ကို ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်း ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ရပ်နားထားမှုရှိပါသည်။ ယခုနှစ် ဒီဇင်ဘာလတွင် အီးယူနှင့်အာဆီယံအကြား ဆက်ဆံရေး (၄၅) နှစ်ပြည့်မြောက်အဖြစ် နိုင်ငံ့ခေါင်းဆောင်များ တွေ့ဆုံမည့်ထိပ်သီးအစည်းအဝေးကို ပထမဦးဆုံးအကြိမ်အဖြစ် ဘရပ်ဆဲလ်မြို့တွင် ကျင်းပရန်အစီအစဉ်ရှိကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

Source:https://www.dw.com/en/eu-and-thailand-cap-turbulent-decade-with-a-partnership-agreement/a-63019958

## STOCK EXCHANGE (12.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 12th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,800 | -700 | -6.67% | 10,000 | 10,000 | 9,600 | 2,105 | 20,603,100 | 33,109,694 | 324,475 |
| MTSH | 00002 | 3,400 | -100 | -2.86% | 3,400 | 3,450 | 3,400 | 9,502 | 32,488,750 | 38,929,150 | 132,359 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 42 | 331,800 | 10,400,986 | 82,168 |
| FPB | 00004 | 21,000 | -1,000 | -4.55% | 21,000 | 21,000 | 21,000 | 617 | 12,957,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 4,000 | 11,200,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,800 | +100 | +3.70% | 2,700 | 2,800 | 2,700 | 67 | 181,600 | 19,977,223 | 55,936 |
| AMATA | 00007 | 5,500 | +100 | +1.85% | 5,500 | 5,500 | 5,500 | 10 | 55,000 | 10,497,598 | 57,737 |


### Market summary

As of 12th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 425.66 | -15.23 | -3.45% | 427.72 | 428.08 | 421.25 | 16,343 | 77,817,250 | 7 | 740,493 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 12th Sep. 2022

| MYANPIX | 425.66 ▼ 15.23 |
|---|---|
| Total Volume (shares) | 16,343 |
| Total Value (MMK) | 78 mil |
| Listed Company | 7 |
| Market Cap. (MMK) | 740,493 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,800 | ▼ 700 |
| MTSH | 00002 | 3,400 | ▼ 100 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 21,000 | ▼ 1,000 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 100 |
| AMATA | 00007 | 5,500 | ▲ 100 |

TIR